
# ခွေးနက်ကြီးနှင့်ဘဲမိသားစု




unicef

# ခွေးနက်ကြီးနှင့်ဘဲမိသားစု



လယ်သမားကြီးမှာ ဘဲမကြီး ၁ ကောင်ရှိတယ်။
သူမမှာ ဘဲကလေး ၄ ကောင် ပေါက်လာတယ်။




တစ်နေ့တော့ ဘဲကလေး ၁ ကောင်က သူ့အမေအစာရှာတဲ့နောက်ကို လိုက်ချင်လို့ ခွင့်တောင်းတယ်။

'အမေ – သမီး အမေ့နောက်ကို လိုက်ချင်တယ်။'

'မလိုက်ပါနဲ့ သမီးရယ်၊ သမီးက ငယ်ပါသေးတယ်။ လမ်းမှာ အန္တရာယ်များပါတယ်။'


'သမီး ခြံအပြင်မှာ ဘာတွေရှိသလဲဆိုတာ သိချင်လို့ပါ။'

'ဒါဆိုရင်လည်း လိုက်ခဲ့လေ။'



သူတို့တစ်တွေ ခြံအပြင်ကို အစာရှာဖို့ အတူ ထွက်သွားကြတယ်။ ဘဲကလေးက ပျော်နေတာပေါ့။


'အမေရယ် ပျော်လိုက်တာ။'



သူတို့လည်း အစာရှာရင်း လျှောက်သွားနေကြတာပေါ့။ တစ်နေရာရောက်တော့ ခွေးနက်ကြီးက သူတို့ကို မြင်သွားတယ်။

ခွေးနက်ကြီးက 'ဟေ့ ... ဘယ်သွားကြမလို့လဲ' လို့ မေးလိုက်တယ်။


သူတို့က ခွေးနက်ကြီးကိုကြောက်လို့ ဘာမှပြန်မပြောဘဲ ထွက်ပြေးကြတယ်။




ခွေးနက်ကြီးက စိတ်ဆိုးပြီး သူတို့ကို လိုက်ဖမ်းတယ်။

'ဟော့ ... မပြေးကြနဲ့၊ မပြေးကြနဲ့' လို့ ခွေးနက်ကြီးက 'တဝုတ်ဝုတ်' နဲ့ အော်ပြီး လိုက်တာပေါ့။

သူတို့တွေကလည်း 'တဂတ်ဂတ်' နဲ့ အော်ပြီး ထွက်ပြေးကြတယ်။



ခွေးဟောင်သံကြားလို့ လယ်သမားကြီးက ထွက်ကြည့်လိုက်တော့ ခွေးနက်ကြီးက ဘဲတွေကို လိုက်ဖမ်းနေတာတွေ့ရတယ်။ လယ်သမားကြီးက ‘ဟဲ့ ခွေး၊ ဟဲ့ ခွေး’ လို့ ခြောက်လိုက်ပြီး သူ့ရဲ့ တုတ်နဲ့ လှမ်းပစ်လိုက်တယ်။



ခွေးနက်ကြီးက ကြောက်ပြီး သူတို့အနားကနေ ထွက်ပြေးသွားတယ်။ ခွေးနက်ကြီးရန်က လွတ်သွားလို့ သူတို့လည်း အလွန်ပျော်နေကြတယ်။ ဘဲကလေးက ‘အမေရယ် … အခုမှပဲ စိတ်အေးသွားတော့တယ်။ သမီးတို့မှာ အန္တရာယ်မရှိတော့ဘူးပေါ့နော်။’





ဇာတ်လမ်း ကြည်ကြည်ခိုင် (အမှတ် ၊၃၊ အခြေခံပညာဦးစီးဌာန)

ကာတွန်း သရုပ်ဖော် သစ်ထွဏ်း

ဒီဇိုင်း ဇေဖြိုး

ယူနီဆက်မှ အခမဲ့ ဖြန့်ဝေသည်။
ရောင်းချရန် မဟုတ်ပါ။